
GOLDEN HEART
BOOK HOUSE
ငွေနှလုံးသား စာစဉ်အမှတ် (၁၃)
မိုးကျော့
လွန်လေပြီးသောအခါ
ဒုတိယအကြိမ်

# အခန်း (၁)

ယနေ့၌ မောင်ထွေးသည် ကျောင်းက ကျောင်းထွက်လာရ၏။ ဘုန်းတော်ကြီးသည် မောင်ထွေးတို့ ရွာမှ ရွှေတောင်ကြား နောက်တစ်ရွာသို့ အပြီးကြွသွားသည် ။ မောင်ထွေး ကျောင်းထွက်လာသောအခါ မောင်ထွေး၏ အမေ၊ အဖေ အစ်ကိုတို့ မှာ ရွာ၌ မရှိကြတော့ပေ။ စပါးရိတ်သိမ်းပြီး၍ ကြံတဲသို့ ဝင်သွားကြပြီ ဖြစ်၏။ မောင်ထွေး၏ အမေ၊ အဖေ၊ အစ်ကိုတို့ ကြံသကာ သွားလုပ်နေကြသော နေရာမှာ မောင်ထွေးတို့ ပန်းတောရွာနှင့် အတော်ဝေး၏။ ရွှေတောင်ကြားနှင့်သာ နီးလေသည် ။ ထို့ကြောင့် မောင်ထွေးသည် သူ့အမေ အဖေ၊ အစ်ကိုတို့ ကြံသွားကြိတ်နေကြသော ရွှေတောင်ကြားဘက်က ကြံတဲသို့ လိုက်နေရလေသည် ။

ကြံတဲ၏ ပတ်ဝန်းကျင်တွင် လှည့်ပတ် အော်မြည်နေကြသော ခွေးအတွေ၏ အော်မြည်သံကြောင့် မောင်ထွေးသည် ထိုညက တစ်ညလုံး အိပ်မပျော်ဖြစ်ခဲ့ရသည် ။ ရွာနှင့် ကျောင်းတွင် နေခဲ့စဉ်က ခွေးအတွေ အော်မြည်သံကို ဤကဲ့သို့ နီးနီးကပ်ကပ် တစ်ခါမှ မကြားဖူးပေ။ ယခုကား ခွေးအများ သည် လူကိုပင် တက်ဆွဲမလား ထင်ရလောက်အောင် အတင့်ရဲ၍ နီးနီးကပ်ကပ် လာအော်မြည်နေကြသည် ။ အစ်ကိုနှစ်ယောက်နှင့် အမေ အဖေတို့ ကတော့ ခွေးအတွေ တဲနားလာ၍ အော်မြည်ကြသည် ကို နည်းနည်းမှ ဂရုမစိုက်ကြဘဲ အိပ်မောကျနေကြသည် ။

တောထဲ၌ ခွေးအတွေ အော်မြည်နေသံကို နေ့စဉ်ကြားနေရ၍

အနေကြာသော သူတို့ အတွက် ခွေးအအော်မြည်သံမှာ ရိုးနေလေပြီ ဖြစ်မည်။ တောထဲတွင် မနေဖူး၍ ပန်းတောကာကြံတဲသို့ ရောက်လာသော မောင်ထွေးကတော့ ခွေးအတွေ အော်သံစဲ၍ မိုးလင်းခါနီးမှ အိပ်ပျော်၏။

မောင်ထွေး အိပ်ရာက နိုးထလာသောအခါ မောင်ထွန်းနှင့် မောင်စောတို့ မှာ ကြံခုတ်သွားရန် ဓားကို တရှမ်းရှမ်း သွေးနေကြသည် ။ နေမထွက်မီ သူတို့ သည် ကြံခင်းထဲသို့ ကြံခုတ်သွားကြရမည် ဖြစ်သည် ။ တောတန်း တောင်စွယ်နှင့် သစ်ကိုင်းတွေ ကွယ်ထားသဖြင့် နေလုံးနီနီကြီးကိုပင် မမြင်ရသေး။ ကြံတဲ၏ ပတ်ဝန်းကျင်တခိုကို နှင်းကန့်လန့်ကာက အထွေးသား ဖြန့်ချထားနှင့်သည် ။ နွေလတပေါင်းဟု ဆိုသော်လည်း ဆောင်းဥတု၏ အငွေ့အသက်ကား လုံးလုံးလျားလျား မပျောက်ပြေသေး။ အပြင်တွင် ချမ်းအေးတုန်းပင် ရှိသေးသည် ။

မောင်ထွေးသည် သူ့အဖေ ကြံသကာချက်နေသော မီးဖိုနားတွင် သွား၍ မီးလှုံနေသည် ။ ညက တစ်ညလုံး ကြံကြိတ်ဆုံ၏ ထမ်းပိုးကို ထမ်း၍ လှည့်ပတ်ပြေးနေခဲ့ရသော ကျွဲကြီးနှစ်ကောင်ကို အမေက ဆွဲငင်၍ လယ်ကွက်ထဲသို့ လှန်ရန် ထွက်သွားသည် ။ ကျွဲကြီး နှစ်ကောင်သည် ကြံရွက်ကို ကြိုးကြိုးကျွတ်ကျွတ် ဝါးစားရင်း အမေဆွဲခေါ်ရာသို့ လိုက်ပါသွားကြ၏။ ကျွဲကြီး နှစ်ကောင်နောက်က မောင်ထွေးချစ်သော ကျွဲဖြူပေါက် ‘နေထိပ်တင်’ လည်း လိုက်ပါသွားလေ၏။

ဤကျွဲဖြူပေါက်တွင် ဦးထိပ် အလယ်တည့်တည့်၌ ဝိုင်းဝိုင်းစက်စက် နီညိုညို အကွက်တစ်ကွက် ပါသည် ကို အစွဲပြု၍ နေကို ထိပ်မှာ တင်ထားသည် နှင့် တူသည် ဟု ဆိုပြီး မောင်ထွေး၏ အဖေက ‘နေထိပ်တင်’ ဟု အမည်ပေးထားသည် ။ နေထိပ်တင်သည် ခြံပေါက်ကျွဲဖြူ ဖြစ်၏။ လူ

တွေနှင့်လည်း ယဉ်ပါးသည် ။ လက်ပွန်းတတီးလည်း နေတတ်သည် ။ နေထိပ်တင်မှာ ငယ်သေးသဖြင့် ကျွဲကြီးတွေလို ကြံကြိတ်သော ထမ်းပိုးလည်း မဆွဲရသေး။ မောင်ထွေး ကျောင်းနေစဉ်က ညနေအိမ်သို့ ထမင်းစားပြန်ပြီ ဆိုလျှင် နေထိပ်တင်ကို စီး၍ လယ်ကွင်းတွေကို လှည့်ပတ်ကာ ပျော်နေတတ်၏။ မောင်ထွေး သွားချင် လာချင်သောဘက်က နားရွက်ရှည်ကြီး၏ အရင်းကို ခြေထောက်ဖြင့် ကန်ရုံဖြင့် နေထိပ်တင်က ဘယ်ဘက်ကို သွားရမည်ကို သိနေ၏။ နေထိပ်တင်နှင့် မောင်ထွေးမှာ သူငယ်ချင်းလို ဖြစ်နေကြ၏။

နေထိပ်တင်နှင့် မောင်ထွေးကလွဲလျှင် ဤတဲ၌ ကျွဲရောလူပါ အလုပ်ကိုယ်စီနှင့် ဖြစ်ကြသည် ။ ကျွဲကြီးနှစ်ကောင်က ကြံကြိတ်ဆုံ၏ ထမ်းပိုးကို တစ်ကောင်တစ်လှည့် ထမ်းပိုး၍ လူတွေကို ကြံကြိတ်ပေးကြရသည် ။ မောင်ထွေး၏ အဖေမှာ ကြံသကာကို ချက်ရ၏။ သားနှစ်ယောက်က ခုတ်စည်းထားသော ကြံစည်းများကိုလည်း အားလပ်သောအခါ သွား၍ ထမ်းပိုးယူဆောင်ရသည် ။ ကြံခုတ်သော အလုပ်ကို မောင်ထွန်းနှင့် မောင်စောပင် ဒိုင်ခံလုပ်သည် ။ အမေမှာ ကြံတဲ၌ ထမင်းဟင်းချက်ရင်း ကြံလှန်ခြင်း၊ ကြံရွက်များ ဖြတ်ခြင်း၊ အလုပ်ကို လုပ်ရသည် ။ ခုတ်ပြီးသား ကြံပင်တွေကို အခက်အလက်ခွာပြီး အညွန့်ဖြတ်ရသည် ။ ထိုအညွန့်ကို ကျွဲတွေအား ကျွေး၏။ ရှည်လျားသော ကြံပင်များကို လက်မောင်းတဆုံးကျော်ကျော် ဖြတ်တောက်၍ ပုံထားရသည် ။ သို့မှ သာ ကြံကြိတ်သောအခါ လွယ်ကူသည် ။ ပုံထားသော ကြံပုံကို ခြောက်မသွားအောင် ရေဖျန်းပေးရသည် ။ ကြံခြောက်သွားလျှင် ကြံကြိတ်သောအခါ ကြံရည်မရတော့ချေ။

မောင်ထွေးမှာ အလုပ်မရှိသဖြင့် နေထိပ်တင်ကို စီးကာ မောင်ထွန်းလုပ်ပေးထားသော လေးခွနှင့် လွင်ပြင်ကြောတွင် ငှက်လျှောပစ်ခြင်း၊

ကြံတဲနားတွင် ရှိသော ချောင်းထဲသို့ဆင်း၍ ငါးများခြင်းအလုပ်၌ သာ ပျော်နေတတ်သည် ။ မုဆိုးတံငါအလုပ်ကို မောင်ထွေးသည် ဘုန်းကြီး ကျောင်း၌ နေခဲ့ရသူမို့ မလုပ်တတ်သော်လည်း အလွန်ဝါသနာပါ၏။ နောက် ရေကြက်နှင့် တောကြက်တွေ ဝင်ထွက်သွားလာသည် ထင်ရ သော လယ်ကွင်း တောစပ်လမ်းတွင် ကိုင်းထောင်၏။ မနက်မိုးလင်းလျှ င် မောင်ထွေးသည် ကြံတဲ၌ မရှိတော့ပြီ။ တောထဲသို့လည်းကောင်း ချောင်းထဲသို့လည်းကောင်း ရောက်နေတတ်ပြီ ဖြစ်သည် ။

'သားသားထွေးကလည်း အားတိုင်း လျှောက်လည်ချည်းနေတာပဲ၊ အစ်ကိုတို့ ခုတ်ထားတဲ့ ကြံတွေ တစ်ခေါက်တလေ သွားသယ်ပါလား သားရယ်' ဟု ပင် အဖေလုပ်သူက ပြောယူရ၏။

မောင်ထွေးကို အလုပ်အကိုင် တာဝန်ဟူ၍ မည်မည်ရရ ပေးထားသ ည် မရှိ။ အစ်ကိုနှစ်ယောက်နှင့် အမေ အဖေတို့ ကလည်း နေချင်သလို နေ မောင်ထွေးကို ခွင့်လွှတ်ထားကြ၏။ အဖေပြောသောနေ့ ဆိုလျှင် မောင်ထွေးသည် ကြံခင်းထဲသို့သွား၍ ကြံသွားရွက်သည် ။ မောင်ထွန်း က 'ထွေးထွေ နေပါစေ၊ ပင်ပန်းနေလိမ့်မယ်' ဟု ဆိုသည် ။ မောင်ထွန်း၊ မောင်စောနှင့် မောင်ထွေးတို့ မှာ တစ်ယောက်နှင့်တစ်ယောက် ပြောလျှ င် အမေ အဖေတို့ က သူတို့ အား ချစ်စနိုးခေါ်ပြောသလို 'ထွန်းထွန်း' ' စောစော' 'ထွေးထွေး' ဟု ပြောတတ်ကြ၏။

အိမ်တွင် မောင်ထွေးကို မျက်နှာသာမပေးသူ နှစ်ယောက်ရှိ၏။ သူ့အ မေနှင့်မောင်စောတို့ ပင်။ မောင်ထွေး ကြံလာထမ်းသည် ကို မြင်လျှင် မောင်စော မျက်နှာက ရှင်ပျလာသည် ။ မောင်ထွေးကြံတဲတွင် အလ ကားနေလျှင် သူ့အမေက စောင်းပါးရိပ်ခြည် ဆူချင်ဆူတတ်သည် ။ သို့ သော် ကလေး အရူးအမိုက်ဟူသော သဘောကြောင့် တိုက်ရိုက်တော့ မ

ဆူပူရဲချေ။ ခိုင်းစရာရှိလျှင် တစ်ခါတစ်ခါ ချော့၍ လည်း ခိုင်းတတ်သလို ဆူပူကြိမ်းမောင်း၍ လည်း ခိုင်းတတ်သည် ။ သူ့အမေ ဆူမည်ဆိုကလည်း ဆူစရာပင်။ မောင်ထွေးတွင် စိတ်ကူးယဉ်တတ်သော ဉာဉ်ဆိုးတွေ လွှင့်ပစ်၍ မကုန်နိုင်လောက်အောင် ရှိသည် ။ အစ်ကိုနှစ်ယောက်က ပင်ပင်ပန်းပန်း ခုတ်ရှက်ထမ်းလာကြပြီး ကြံတဲရှေ့တွင် ပုံထားသောကြံပုံတွင် ကြံချောင်းသေးသေးတွေကို မောင်ထွေးက ရွေးယူသည် ။ ပြီး သူ့လက်ညှိုးနှင့်တိုင်းကာ အပိုင်းတစ်ရာ နှစ်ရာဖြတ်သည် ။ ထိုကြံပိုင်းများကို နွယ်နှင့်သီ၍ သူ့လည်ပင်းတွင် အမြဲဆွဲထား၏။ လေးလံသည် ကိုပင် သူက သတိမရမိ။

ဤသို့လုပ်နေရလျှင် သူအလွန်ပျော်သည် ။ ဘယ်ကိုသွားသွား ဘယ်ကိုလာလာ သူ့လည်ပင်းတွင် ကြံတောင့်ပုတီးကား ပါစမြဲ။ ညအိပ်ခါနီးလျှင် ထိုကြံတောင့်ပုတီးကို သူ့ခေါင်းရင်းက အမဲဆွဲ ချိတ်ထား၏။ နေ့စဉ် တစ်နေ့တစ်ခု လုပ်သဖြင့် သူ့အိပ်ရာနားတွင် ကြံတောင့်ပုတီးတွေက ပုံနေကြ၏။ မောင်စောက အမြင်ကတ်၍ တစ်ခါတစ်ခါ ခိုးလွှင့်ပစ်တတ်သည် ။ ကြံတောင့်ပုတီးတွေလုပ်၍ လည်ပင်းမှာ ဆွဲကာ မောင်ထွေးက ‘ငါ အင်္ဂုလိမာလကွနော်…အမေ့လက်ညှိုးကို ဖြတ်ဦးမယ်၊ ဒီမှာ တွေ့လား တစ်ထောင်ပြည့်ဖို့ တစ်ချောင်းပဲ လိုတော့တယ်’ ဟု ဓားတစ်ချောင်းကို ပခုံးပေါ်ထမ်းကာ ပုဆိုးခါးတောင်းကျိုက်နှင့် အော်ဟစ်တတ်သည် ။

ထိုအခါ သူ့အမေက လက်မလောက်ရှိသော ကြံတစ်ချောင်းကို ဆွဲတဲ့ပြီး ‘ကဲ လာလေ၊ ဖြတ်လှဲ့စမ်း အင်္ဂုလိမာလ’ ဟု ဆိုပြီး မောင်ထွေးကို ရိုက်ရန် လိုက်တတ်သည် ။ မောင်ထွေးက ထွက်ပြေးရ၏။ သူ့အမေက မောင်ထွေးကို ရိုက်နှက်ဆုံးမရန် ချော့မော့၍ လည်း ခေါ်တတ်သည် ။ မောင်ထွေးကြံတဲသို့ ရောက်စက ‘အမေ့လက်ညှိုးကို ဖြတ်မယ်’ ကြုံးဝါး

လျှင် ‘ဒီသူငယ်က အရူးမို့ တကယ်ဖြတ်ချင် ဖြတ်မယ်’ ဟု တွေးကြောက်၍ ညပင် စိတ်ချလက်ချ မအိပ်ရဲ ဖြစ်ခဲ့ရသည် ။ နောက်မှ သူ့သားက ကျီစယ်မှန်းသိသော မိခင်မှာ စိတ်သက်သာရာ ရသွားလေသည် ။

မောင်ထွေးကို သူ့အမေကရိုက်လျှင် သူ့အဖေနှင့် မောင်ထွန်းတို့ က ဆူကြသည် ။ အဖေနှင့် မောင်ထွန်းတို့ က အလိုလိုက်လွန်း၍ ထင်ရာကြဲကာ ကြံတဲရောက်မှ ပိုရူးလာသည် ဟု သူ့အမေက ထင်ထားသည် ။ တစ်နေ့ တစ်နေ့ မောင်ထွေး အင်္ဂုလိမာလ လုပ်၍ ဖျက်ဆီးပစ်သော ကြံချောင်းတွေက မနည်းပေ။ မောင်ထွန်းနှင့် သူ့အဖေက ကြံချောင်းပုတီးဆွဲ၍ ကျွဲစီးပြီး လျှောက်သွားနေသည် ကို မြင်ရလျှင် ပြုံးနေကြသည် ။ မောင်ထွေး ပုတီးလုပ်ရန် ကြံချောင်းများ ဖြတ်တောက်နေသည် ကို မောင်စောက တွေ့လျှင်တော့ ‘ဒီမှာ အဖေ၊ အဖေ့သား အင်္ဂုလိမာလကို ကြည့်ပြောနော်။ မနေ့က ကြံချောင်းတွေ ရှိသေးသားနဲ့ လက်ညှိုးလုပ်ဖို့ ကြံချောင်းတွေ ဖြတ်နေပြန်ပြီ၊ ဒီကောင် ဖျက်ဆီးပစ်တာ တစ်နေ့တစ်နေ့ မနည်းဘူး၊ ကြံသကာ ချက်ရင် အစိတ်သား၊ ငါးဆယ်သား အသာက လေးရတယ်’ ဟု သူ့အဖေကို တိုင်ပြောတတ်သည် ။

‘လုပ်ပါစေ သားရယ်၊ သားသားထွေးက နောက်ပေါ်မယ့် အင်္ဂုလိမာလလေ’ ဟု ပြောင်ပြောတတ်၏။ ပြီးမှ ‘ထွေးထွေး ဖျက်ဆီးပစ်လို့ အဖေတို့ ဆင်းရဲမသွားပါဘူး၊ သူ့ကို ပါရမီဖြည့်ကြပါ’ ဟု အတည်နှင့် ပြောလျှင် မောင်စောက ဒေါပွ၍ ‘ဟဲ့ကောင် သွားစမ်း၊ ငါကန်ထုတ်လိုက်ရ’ ဟု မောင်ထွေးကို ကြိမ်းမောင်းသည် ။ မောင်ထွေးကလည်း သူ့အဖေ အားကိုးနှင့် ‘ဟင်း ငါ ဓားနဲ့ ခုတ်လိုက်မယ်နော်၊ နင်ဖယ်စမ်း၊ နင့်လက်ညှိုးကို ငါမလိုချင်ဘူး မာဏဝ’ ဟု ဟန်နှင့်ပန်နှင့် ပြောလိုက်လျှင် ကြံတဲရှိ ညီအစ်ကို သားမိ သားဖတွေမှာ ဝိုင်းဖွဲ့၍ ရယ်နေတတ်ကြသည် ။ ပြုံးကြောင်ကြောင် ဖြစ်နေသူကတော့ မောင်ထွေးပင်။ သူက သူပြောသ

ည် ကို ရယ်ကြသည် ဟု ပင် မထင်မိ။ ထို့ကြောင့်လည်း သူ့ကို ရူးသည် ဟု ပြောကြခြင်း ဖြစ်လေသည် ။

အိမ်တွင် အမေနှင့်မောင်စောတို့ က တစ်ဖက်၊ မောင်ထွန်း၊ အဖေနှင့် မောင်ထွေးတို့ က တစ်ဖက်ဖြစ်သည် ။ ဘာအလုပ်မှ မလုပ်ဘဲ တစ်နေ့ကုန် တစ်နေခန်း မောင်ထွေး လျှောက်လည်နေသည် ကို မောင်စောနှင့် အမေတို့ က မကျေနပ်ကြ။ ထို့ကြောင့် မောင်ထွေးကို သူ့အမေက ကျွဲရေတိုက်ရသော အလုပ်ကို နေ့စဉ်လုပ်ရမည်ဟု အလုပ်ပေးထား၏။ ကျွဲရေတိုက်ရသော အလုပ်မှာ မောင်ထွေးကလည်း ဝါသနာပါသဖြင့် မငြိုမငြင်လုပ်နေသည် ။ ကျွဲရေတိုက်ပြီး၍ နေ့ခင်းနေ့လယ်ဆိုလျှင် မောင်ထွေးမှာ ချောင်းထဲသို့ ငါးမျှားသွားလျှင်သွား၊ မသွားလျှင် တောထဲသွား၍ ငှက်ပစ်။ ဒီလိုမှ မဟုတ်လျှင် ကြံတဲ၌ ငှက်ထောင်ရန် ကိုင်းကြိုးကျစ်နေတတ်သည် ။

မောင်ထွေးအမေသည် မောင်ထွေးကိုင်းကြိုး ကျစ်နေရာသို့ ရောက်လာ၏။

‘ထွေးထွေး ရွှေတောင်ကြားမှာ ရေနံနှစ်ပုလင်း သွားဝယ်ချေ။ ရော့ ပိုက်ဆံယူသွား၊ မြန်မြန်လည်း ပြန်လာခဲ့’

မောင်ထွေး၏ အမေက ရေနံပုလင်းခွံနှစ်လုံးနှင့် ပိုက်ဆံကို ပေးကာ မောင်ထွေးအား ရေနံဝယ်ရန် လွှတ်သည် ။

ရွှေတောင်ကြားရွာတွင် ရေနံတူးသောလုပ်ငန်းဖြင့် ကြီးပွားချမ်းသာနေကြသော အင်္ဂလိပ်မျက်နှာဖြူများ ရှိသည် ကိုတော့ မောင်ထွေး သိထားသည် ။

ထိုအင်္ဂလိပ်မျက်နှာဖြူများမှာ ရခိုင်ပြည်နယ်ကို ကိုလိုနီနယ်ချဲ့တို့ သိမ်းပိုက်ပြီး၍ နှစ်ပေါင်း ၃၀ လောက် အကြာကပင် ရွှေတောင်ကြားမှာ

လာ၍ ရေနံလုပ်ငန်းဖြင့် အခြေစိုက်နေကြသော အင်္ဂလိပ်များ ဖြစ်သည် ။ မောင်ထွေးတို့ ပန်းတောရွာနှင့် ရွာနီးချုပ်စပ်တစ်ဝိုက်ရှိ ရွာများမှ ရခိုင်တိုင်းရင်းသားများမှာ ရေနံကို ထိုအင်္ဂလိပ်မျက်နှာဖြူများ ဆီတွင် ဝယ်၍ သုံးကြရသည် ။

ရွှေတောင်ကြားကို ရေနံဝယ်သွားရမည်ဆိုသဖြင့် မောင်ထွေးစိတ်ထဲမှာ မြူးကြွသွားမိသည် ။ သူသည် တစ်ရပ်တစ်ရွာသို့ များများ စားစား ရောက်ဖူးသူမဟုတ်။ ဘုန်းတော်ကြီးကျောင်း၌ နေ့စဉ်ကလည်း သူ့အား အရှုံးအပေါ်လေးဟု ဘုန်းတော်ကြီးက တစ်ရွာတစ်ကျေးသို့ ခေါ်သွားလေ့မရှိပေ။ ထို့ကြောင့် သူ့မှာ အသက် ၁၄ နှစ်ကျော် ၁၅ နှစ်ထဲ ရောက်လာပြီဖြစ်သဖြင့် ရွှေတောင်ကြားရွာကို တစ်ခါမှ မရောက်ဖူးသေးပေ။

ရွှေတောင်ကြားရွာနှင့် မောင်ထွေးတို့ ကြံတဲမှာ နီးနီးလေး ဖြစ်၏။ အသံကျယ်သောသူများ လှမ်း၍ အော်ခေါ်လျှင်ပင် ကြားနိုင်သည် ။ မောင်ထွေးတို့ တဲက သူ့အစ်ကိုနှစ်ယောက် နေ့စဉ် ရွှေတောင်ကြားရေကန်တွင် ရေသွားခပ်ကြသဖြင့် လမ်းကလည်း ဖြူးနေလေသည် ။ သူသည် ရွှေတောင်ကြားရွာကို တစ်ခါမှ မရောက်ဖူးသော်လည်း လမ်းမှားစရာမရှိ။ ထို့ကြောင့် မောင်ထွေးသည် သူ့အမေပေးသော ပိုက်ဆံကို အိတ်ထောင်ထဲ ထည့်လိုက်ပြီး ပုလင်းနှစ်လုံးကို နွယ်ကြိုးတစ်ပင်၏ အစနှင့် အဆုံးတွင် တစ်ဖက်တစ်လုံးစီ ချည်သည် ။ ပြီး နွယ်ကြိုးကို နေထိပ်တင်၏ လည်ပင်းမှာ တစ်ပတ်ရစ်ပတ်လိုက်ပြီး ဘေးနှစ်ဖက်သို့ ပုလင်းနှစ်လုံးကို တစ်ဖက် တစ်လုံးစီ တွဲဆွဲချကာ နေထိပ်တင်ကို စီးပြီး ရေနံဝယ်ရန် ထွက်လာသည် ။

'ဒီကောင်လေးကို ခိုင်းလိုက်ရင် အဆန်းချည်းပဲ။ ပြန်လာလို့ ရေနံသာ ဖိတ်လာရင်တော့ နင်နဲ့ ငါ အတွေ့ပဲ'

မောင်ထွေး လုပ်ကိုင်နေသည် ကို မြင်၍ သူ့အမေက ကြိမ်းသည် ။ မောင်ထွေးသည် ခရီးအတော်လေး ရောက်သွားပြီးမှ ကျွဲဖြူပေါက်ပေါ်က ခုန်ချပြေး လာပြီး ကြံတောင့်ပုတီးကို လည်ပင်းမှာ ဆွဲယူသွားလေသည် ။ ဤသည် ကို သူ့အမေကတော့ မျက်စောင်း တခဲခဲနှင့် ကျန်ရစ်ခဲ့၏။

ရေနံရောင်းသော မျက်နှာဖြူဘိုအိမ်ကြီး တစ်အိမ်နားသို့ ရောက်သောအခါ မောင်ထွေးမှာ သူတစ်ခါမှ မရောက်ဖူးသော မျက်နှာဖြူဘိုအိမ်ကြီးနား တစ်ဝိုက်ကို ကျီးကန်းတောင်းမှောက် ကျွဲပေါ်က လှမ်းကြည့်မိသည် ။ ဘိုအိမ်ကြီးမှာ သူတို့ ဆီက ဘုန်းတော်ကြီး ကျောင်းထက်ပင် ကြီးလေသည် ။ အိမ်ကြီးနားတွင် အိမ်သေးသေး ရှည်ရှည် သုံးလေးလုံး ကလည်း ဝန်းရံခံစား၍ ရှိနေကြသေး၏။

အိမ်ကြီးနားတစ်ဝိုက်တွင် လက်လီလက်ကား ရေနံလာဝယ်နေကြသော ရွာနီးချုပ်စပ်တစ်ဝိုက်က မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များသည် ဥဒဟို ဖြစ်နေကြသည် ။ အထမ်းနှင့် ရေနံလာဝယ်ပြီး တစ်ရွာ တစ်ကျေးသို့ တစ်ဆင့်သွားရောင်းကြမည့် အချို့ ယောကျ်ားကြီးများ သည် အိမ်ဘေးကုန်းစောင်းက ပျဉ်းမပင်နှင့် ပင်လယ်က ဗွီးပင်များ အောက်တွင် အမောဖြေနေကြသည် ။

မောင်ထွေးသည် ဘိုအိမ်ကြီး၏ ဘေးတစ်ဖက်တောင်စောင်းရှိ ပင်လယ်ကဗွီးပင် တောစတွင် နေထိပ်တင် ကျွဲဖြူပေါက်ကို ချည်ထားခဲ့ကာ ရေနံဆီရောင်းသော ဆိုင်ရှိရာဘက်သို့ တန်းတန်းမတ်မတ် လျှောက်လာသည် ။

လည်ပင်းတွင် ကြံဆစ်ပုတီးတစ်ကုံးကို ဆွဲကာ ရေနံပုလင်းခွံနှစ်လုံးနှင့် ရေနံဆီလာဝယ်သော မောင်ထွေးအား အခြားရေနံလာဝယ်နေကြသူ တိုင်းရင်းသားများက အံ့ဩသွားကြသလို ပြုံးကြည့်၊ ကြောင်ကြည့်

ေးကြည့်နေကြသည် ။ လည်ပင်းတွင် ကြံဆစ်ပုတီး ဆွဲလာသော မောင်ထွေးအား စိတ်ကောင်းစွာမနှံ့သော အရူးအပေါလေး တစ်ယောက်သာ ဖြစ်ရမည်ဆိုသည် ကိုတော့ မောင်ထွေး လည်ပင်းတွင် ဆွဲလာသော ကြံဆစ်ပုတီးကို မြင်ကတည်းက သူတို့ ရိပ်မိနေကြပြီ ဖြစ်သည် ။ သို့သော် ဘယ်ရွာက ဘယ်သူ့သား ဘယ်သူဟု တော့ သူတို့ က တိတိကျကျ မသိကြသဖြင့် မောင်ထွေးကို ပြုံးဖြီးဖြီးနှင့် မသိမသာ အကဲခတ်ကြည့်နေကြသည် ။

အမှန်က မောင်ထွေးအား ရေနံလာဝယ်နေကြသူ တိုင်းရင်းသားများကသာ မဟုတ်၊ ရေနံရောင်းနေသော မျက်နှာဖြူမကြီးနှင့် ကုလားမကလေးတို့ ကလည်း ကြံဆစ်ပုတီးဆွဲ၍ ရေနံဝယ်ရန် ဆိုင်ထဲဝင်လာသော မောင်ထွေးကို အံ့ဩသွားကြသည် ။

မောင်ထွေးမှာ တစ်ခါမှ ရေနံဝယ်ဖူးသူ မဟုတ်သည့်ပြင် မျက်နှာဖြူများကိုလည်း နီးနီးကပ်ကပ် တစ်ခါမှ မမြင်ဖူးသဖြင့် ဆိုင်ထဲသို့ ရောက်ခါမှ ရှေ့သို့မတိုးရဲဘဲ ရှံ့နေမိပြန်၏။ သူ့နောက်မှ ဆိုင်ထဲဝင်လာသော တိုင်းရင်းသား သုံးလေးယောက်က ရေနံဝယ်၍ သူ့အား သရော်ပြုံးပြုံးကြည့်ကာ ပြန်ထွက်သွားကြပြီး ဖြစ်သော်လည်း မောင်ထွေးကတော့ ရေနံဆီ ဆိုင်ထဲမှာ မတ်တတ်ရပ်နေတုန်းပင်။

'ဟေ့သူငယ်၊ ရေနံဝယ်လာတယ် မဟုတ်လား လာလေ'

မောင်ထွေးလက်ထဲတွင် ရေနံပုလင်းခွံနှစ်လုံးကို မြင်ရသဖြင့် မျက်နှာဖြူမကြီးက အလိုက်သိစွာ လှမ်းခေါ်သည် ။

မောင်ထွေးသည် မျက်နှာဖြူမကြီးကို ခေါင်းတစ်ချက် ညိတ်ပြပြီး မျက်နှာဖြူမကြီးရှိရာသို့ မဝံ့မရဲနှင့် တိုးလာ၏။

သူ့ကိုကြည့်ပြီး မဝံ့မရဲ 'ခွိခနဲ' တစ်ချက် ရယ်လိုက်သော ကုလားမ

လေးကို မောင်ထွေးက မျက်စောင်းတစ်ချက် ထိုးပစ်လိုက်၏။ မောင်ထွေး၏ စူးစူးရဲရဲ အကြည့်ကြောင့် ကုလားမလေးက မျက်နှာပိုးသတ်နေသည် ။

'ဘယ်နှပုလင်း ယူမှာ လဲ ကလေး'

မျက်နှာဖြူမကြီးက ရယ်ချိရယ်ချင်နှင့် မလုံမလဲ မေး၏။

'နှစ်ပုလင်း'

သူ့အား သရော်ရပါမည်လားဟူသော မာနနှင့် မောင်ထွေးက ပြတ်ပြတ်ပင်ဖြေ၏။

'သူ့ဆီမှာ သွား၊ သွားယူလိုက်၊ ပိုက်ဆံတော့ ဒီမှာ ပေးထားခဲ့'

မျက်နှာဖြူမကြီးက ကုလားမလေးရှိရာသို့ လက်ညှိုးညွှန်ပြ၍ ပြော၏။

'တစ်ပုလင်း ဘယ်လောက်'

'တစ်ပုလင်း နှစ်ပဲ'

မောင်ထွေးသည် သူ့အမေပေးလိုက်သော ပိုက်ဆံလေးပဲကို အိတ်ထောင်ထဲက နှိုက်ပြီး မျက်နှာဖြူမကြီးရှေ့ စားပွဲတွင် တင်ထားခဲ့၏။ ပြီးသူက ကုလားမလေးရှိရာသို့ လျှောက်လာသည် ။

'ခင်ဗျားက ကျုပ်ကို ဘာရယ်တာလဲ'

သူ့အား လှောင်ရယ်ရပါမည်လားဟု မောင်ထွေးက ကုလားမလေးကို အော်မေးပြီး ရေနံပုလင်းနှင့် ရွယ်ထား၏။

'ရှုပ်ထရီး' ဟု အော်လိုက်ကာ ကုလားမလေးမှာ အထိတ်တလန့် ဖြစ်သွား၏။

'ဟဲ့ ဟေ့ ကလေး မလုပ်နဲ့ ။ မလုပ်နဲ့ ကွယ်။ မင်းကလှလို့ ရိယာက ရယ်မိတာပေါ့'

'လှမှာ ပေါ့ဗျ၊ ကျုပ်က အင်္ဂလိမာလပဲ'

မျက်နှာဖြူမကြီးက သူ့ကို လှသည် ဟု ပြောသဖြင့် မောင်ထွေးက ချက်ချင်း သဘောကျသွားလေ၏။ ကုလားမလေးကိုလည်း သူက စိတ်ပြေသွားသည် ။

'ကဲကဲ-ရိယာ၊ မြန်မြန် ချိန်ပေးလိုက်စမ်းပါကွယ်။ ငါစိတ်နောက်လိုက်တာ'

မျက်နှာဖြူမကြီးက ရိယာအား မျက်ရိပ်မျက်ခြည် ပြလိုက်၏။ ရိယာက သခင်မအမိန့်အတိုင်း မောင်ထွေးအား ရေနံနှစ်ပုလင်း ချိန်ပေးလိုက်၏။

'ကျုပ်သွားမယ်'

'ကောင်းပါပြီတဲ့ ရှင်၊ ကောင်းပါပြီတဲ့ '

ဒီတစ်ခါတော့ မောင်ထွေးက ရိယာအား ဘာမှ ပြန်မပြောတော့။ ရေနံနှစ်ပုလင်းကို လက်ဆွဲ၍ ဆိုင်ထဲကထွက်လာ၏။

မောင်ထွေး၏ ခြေလှမ်းသည် အတိုင်းမသိ မြူးကြွလာသည် ။ သူ့အား မျက်နှာဖြူမကြီးက လှသည် ဟု ပြောခြင်းမှာ သူတကယ်လှ၍ ပြောခြင်းသာဟု အတပ်ထင်လာသည် ။ သူ့မှာ အဝတ်အဆင် သစ်သစ်လွင်လွင် ဝတ်လာခြင်းမရှိဘဲ မျက်နှာဖြူမကြီးက လှသည် ဟု ပြောခြင်းမှာ ဤ ကြံဆစ်ပုတီးကြောင့်သာ ဖြစ်ရမည်ဟု တွေးပြီး သူ၏ ကြံဆစ်ပုတီးကုံးကိုသာ အသာတင့်ကြည့်ကြည့်နှင့် ကျွဲဖြူပေါက် နေထိပ်တင်ရှိရာသို့ ခေါင်းငုံ့၍ လျှောက်လာ၏။

တစ်စုံတစ်ယောက်နှင့် အမှတ်မထင် ဝင်တိုက်မိသဖြင့် မောင်ထွေး၏ ရေနံ့ပုလင်းနှစ်လုံးမှာ ရုတ်ခြည်း ဘောင်ဘင်ခတ်သွားသည် ။

အမှန်မှာ ရေနံ့ပုလင်းများ နည်းတူ မောင်ထွေး၏ စိတ်ကလည်း ရုက်ရုက်နှင့် ဘောင်ဘင်ခတ်သွား၏။

'အို' ဟု အထိတ်တန့် ရေရွတ်လိုက်သူမှာ မျက်နှာဖြူမကြီး၏ သမီး 'နာဒီယာ' မည်သော မျက်နှာဖြူမလေးပင် ဖြစ်သည် ။

သူက မောင်ထွေး၏ ကျွဲဖြူကို လှည့်ပတ်ကြည့်နေစဉ် ကြံဆစ်ပုတီးကို တင့်ကြည့်ကြည့်နှင့် ပျော်မြူးလာသော မောင်ထွေးနှင့် အမှတ်မထင် ဝင်တိုက်မိကြခြင်း ဖြစ်၏။

မောင်ထွေးမှာ ဤလို ဖြူဖွေးလှပသော မိန်းကလေးမျိုးကို တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မမြင်ဖူးသဖြင့် အတိုင်းမသိ အံ့သြသွားသည် ။ ပြီး မျက်နှာဖြူမလေး၏ တစ်ကိုယ်လုံးကို ခြုံကြည့်ပြီးမှ မှ င်တက်မိနေသည် ။

နာဒီယာ၏ မျက်နှာမှာ တန်ဆောင်မုန်းလ၊ မိုးဆုံးပနှယ် ရွှန်းမြကြည်လင်နေသည် ။ ရွှေဝါရောင်လွှမ်းနေကြသော ဆံစတို့ မှာ လေတိုက်လိုက်သောအခါ တဖျပ်ဖျပ်လှုပ်ခတ်၍ လှိုင်းတွန့်လေးများ ပမာပြေးနေကြသည် ။ သူမ၏ တစ်ကိုယ်လုံးတွင် အနက်ချည်းဖြစ်သော သင်တိုင်းဂါဝန်အင်္ကျီမှာ ခါးလယ်နှင့် လက်မောင်းအဆုံး၌ ငွေခေါင်းလောင်းလေးများ ပမာ ဖြူဖွေးနေသော ပန်းဇာဖွားများ ဆွဲထားသည် ။ ဝင်းအိနေသော ခြေဖမိုးအစုံတွင် တော့ မည်းနက်သော ကတ္တီပါသဲကြိုးက အထင်းသားပေါ်လွင်နေ၏။ ခဏကလေးအတွင်းမှာ ပင် မောင်ထွေးသည် နာဒီယာ၏ တစ်ကိုယ်လုံးကို ခြုံကြည့်ထားပြီး ဖြစ်သည် ။

သူတို့ ၏ ရွှေတောင်ကြားတွင် လယ်ယာကိုင်းကျွန်းလုပ်သူများ မရှိ

ဘဲ တောင်ယာနှင့် အင်္ဂလိပ်မျက်နှာဖြူများ ဆီတွင် ရေနံတွင်းတူးသော အလုပ်ကိုသာ လုပ်ကိုင်ကြသူတွေ များ သည် ။ ထို့ကြောင့် ကျွဲဖြူကြီးကို တစ်ခါမှ မမြင်ဖူး၍ စူးစူးစိုက်စိုက် ကြည့်နေမိသော နာဒီယာမှာ မောင်ထွေးကို မြင်ရသောအခါ ထပ်၍ အံ့ဩခြင်း ဖြစ်ရပြန်သည် ။

နာဒီယာ၏ စူးစူးစိုက်စိုက် အကြည့်ကြောင့် မောင်ထွေးမှာ မနေတတ် မထိုင်တတ်သလို ရှက်ရွံ့ လာပြီး ကဗွီးကိုင်းတစ်ကိုင်းတွင် ချည်နှောင်ထားသော နေထိပ်တင်၏ ကြိုးကို ဆွဲဖြုတ်ကာ နေထိပ်တင်ကျောပေါ်သို့ ကမန်းကတန်း လွှားခနဲ ခုန်တက်လိုက်သည် ။

နာဒီယာကို ရှက်ပြီး တစ်ကိုယ်လုံး မွန်ထူနေသော မောင်ထွေးမှာ အလာတုန်းကလိုပင် ရေနံပုလင်း နှစ်လုံးကိုပင် နေထိပ်တင်လည်ပင်းမှာ ဆွဲချိတ်ရန် သတိမရမိ၊ ဘိုအိမ်ကြီးနားက နေထိပ်တင်ကို အပြင်းမောင်း၍ ထွက်လာမိ၏။

အိမ်ဝင်းကြီး၏ တစ်ဖက်ခြံအဝသို့ ရောက်သောအခါ မောင်ထွေးမှာ နေထိပ်တင်ကို ခဏရပ်ပြီး ဘိုအိမ်ကြီးဘက်သို့ တစ်ချက်ပြန် လှည့်ကြည့်မိသည် ။ နာဒီယာက ယခုအထိ သူ့အား ငေးကြည့်နေသည် ကို မြင်ရသောအခါ မောင်ထွေး၏ ရင်ထဲမှာ ဖိုသွားပြန်သည် ။

ရေနံဆီဆိုင်ထဲတွင် တွေ့ခဲ့ရသော မျက်နှာဖြူမကြီးက သူ့အား လှသည် ဟု ပြောသလို၊ ဤမျက်နှာဖြူမလေးကလည်း သူ့အား လှသည် မြင်၍ ကြည့်နေခြင်းသာဟု ထင်သောအခါ မောင်ထွေးမှာ နာဒီယာအား ရဲရဲဝံ့ဝံ့ပင် ပြုံးပြလိုက်၏။

သူတို့ ရွှေတောင်ကြားတွင် တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသော ကြံ့ဆစ်ပုတီလည်ပင်းဆွဲနှင့် ကျွဲဖြူကြီး စီးလာသူအား သူ့ရဲကောင်းကြီး တစ်ယောက်ပမာ ထင်၍ အံ့ဩငေးကြည့်နေသော နာဒီယာကလည်း မောင်

ထွေးအား တုံ့ပြန်သောအပြုံးကို ပြုံးပြပြီး လက်တစ်ဖက်ကိုပါ မြှောက်ပြ နှုတ်ဆက်လိုက်သည် ။

မျက်နှာဖြူမလေး၏ အပြုံးနှင့် နှုတ်ဆက် လက်မြှောက်ပြနေသည် ကို မြင်သောအခါ မောင်ထွေးသည် နေထိပ်တင်ကို ပြန်လှည့်၍ မျက်နှာဖြူမလေးအနားသို့ ပြန်ရောက်လာ၏။

မောင်ထွေးက သူ့ကို မျက်နှာဖြူမလေး ခေါ်သည် ထင်သဖြင့် မျက်နှာဖြူမလေးရှေ့တွင် ကွဲကို ရပ်လိုက်သည် ။

'ကျုပ်ကို ခေါ်တာလားဗျ...'

'ဟင့်...အင်း...မဟုတ်ပါဘူး၊ နှုတ်ဆက်တာပါ'

'ဟင်း...'

သူက ခေါ်သည် ထင်၍ လာမိခါမှ မျက်နှာဖြူမလေးက နှုတ်ဆက် တာပါဟု ပြောသောအခါ မောင်ထွေးမှာ လွန်စွာ ရှက်သွားလေသည် ။ သူ့ကို တမင်နှောက်တာလားဟု လည်း ဒေါသဖြစ်မိ၏။

ထို့ကြောင့် ဤတစ်ခါတော့ မောင်ထွေးသည် နောက်သို့ပင် လုံးဝလှ ည့်မကြည့်တော့ဘဲ ယခင်အခေါက်ထက် မြန်သောနှုန်းနှင့် နေထိပ်တင် ကို အပြင်းမောင်းကာ မိမိကြံတဲရှိရာသို့ ဒုန်းစိုင်းချလေသည် ။

***

# အခန်း (၂)

မောင်ထွေး ကျွဲရေတိုက်က အပြန်တွင် အညိုတို့ သားအမိ နှစ်ယောက် မောင်ထွေးတို့ ကြံတဲသို့ ရောက်နေကြသည် ။ အညိုတို့ တွင် လည်း မောင်ထွေးတို့လို ကြံခင်းရှိသဖြင့် ကြံကြိတ်ရန် ကြံတဲဝင်လာကြပြီဆိုသည် ကို မောင်ထွေးက မမေးဘဲ သိလိုက်ပြီ ဖြစ်၏။ အညိုတို့ အိမ်သားတွေမှာ ယနေ့မှ ကြံတဲသို့ စ၍ ဝင်လာကြသူတွေ ဖြစ်သဖြင့် ရွာကပါလာသော ဟင်းသီးဟင်းရွက်တွေကို မောင်ထွေးတို့ အိမ်သားတွေအား လာပေးကြခြင်း ဖြစ်သည် ။ သူတို့ ကြံတဲသို့ ကြံကြိတ်ရောက်နေကြပြီဖြစ်ကြောင်းကို သိစေလိုခြင်းလည်း ပါပေမည်။ အညိုတို့ ကြံတဲနှင့် မောင်ထွေးတို့ ကြံတဲမှာ နီးနီးလေး ဖြစ်၏။ ခြေလျင်လျှောက်သွားလျှင် ဆယ်မိနစ် အလွန်ဆုံးဖြစ်သည် ။ မောင်ထွေးတို့ အိမ်သားတွေမှာ ရွာကို ဆယ့်ငါးရက် တစ်ခါ၊ ဆယ်ရက် တစ်ခါလောက်သာ ရောက်လေ့ရှိ၏။ ရွာကို သွားလျှင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ငါးပိ၊ ငါးခြောက်၊ ဟင်းသီးဟင်းရွက်တွေကိုလည်း ဝယ်လာရစမြဲ ဖြစ်သည် ။

အညိုမှာ မောင်ထွေးနှင့် သက်တူရွယ်တူ မောင်နှမဝမ်းကွဲ တော်စပ်သူဖြစ်သည် ။ ရွာတွင် အိမ်ချင်းလည်း နီး၏။ ဤတောတစ်ဝိုက်တွင် ကြံတဲသုံးလေးခု ရှိကြသည့်အနက် မောင်ထွေးတို့ ကြံတဲနှင့် အညိုတို့ ကြံတဲမှာ အနီးကပ်ဆုံးဖြစ်သည် ။

ရွာနှင့်ဝေးနေသဖြင့် တောထဲတွင် အရေးကိစ္စ တစ်စုံတစ်ခုရှိက တစ်

တဲနှင့်တစ်တဲ အားကိုအားထား ပြုကြရသည် ။ ထို့ကြောင့် သူတို့ ကြံတဲ ဝင်လာကြပြီဖြစ်ကြောင်းကို မောင်ထွေးတို့ အိမ်သားတွေ သိကြပါစေဟူ သော သဘောဖြင့် အညိုတို့ အမေက ဟင်းသီးဟင်းရွက်တွေ လက် ဆောင်ပေးရင်း လာပြောခြင်း ဖြစ်သည် ။

အညိုတို့ မှာ အညိုတို့ အမေ အဖေနှင့် အငှားကြံခုတ်သမား လင်မ ယားနှစ်ယောက်ပေါင်းလျှင် သူတို့ ကြံတဲတွင် လူငါးယောက်ရှိသည် ။ ယောကျ်ားတွေများ သော မောင်ထွေးတို့ မိသားစုကို အညိုတို့ အိမ်သား တွေက အားကိုးလေသည် ။

မောင်ထွေးသည် နေထိပ်တင်ကျောပေါ်က ခုန်ဆင်းပြီး သူ့အမေနှင့် စကားစမြည်ပြောနေကြသော အညိုတို့ ကို သွား၍ နှုတ်ဆက်သည် ။

'လေးလေးတို့ ကြံတဲ ဝင်လာကြပြီလား'

မောင်ထွေးမှာ အညိုတို့ အမေကို သူ့အစ်ကိုတွေ ခေါ်သလို လေး လေးဟု သာ ငယ်စဉ်ကပင်ခေါ်၏။

'အေးကွဲ့...ဒီကနေ့ပဲ ဝင်လာကြတယ် ထွေးထွေးရယ်၊ ကြံတော့ မန က်ဖြန်က စခုတ်မယ်၊ မင်း ကြံတောထဲမှာ ပျော်ရဲ့ လား'

'ရောက်စတုန်းကတော့ ပျင်းသလိုပဲ လေးလေးရယ်၊ ခုတော့လည်း ပျော်သား'

'မပျော်ဘဲ နေပ့ါမလား မလေးရယ်၊ သူက အလုပ်ဆိုလို့ ကြံတဲမှာ မ ည်မည်ရရ ဘာအလုပ်ရှိတာမှတ်လို့ ၊ တစ်နေ့တစ်နေ့ ချောင်းဆင်းပြီး ငါးမျှားရတာနဲ့ ၊ တောတက်ပြီး ကိုင်းထောင်ရတာနဲ့ အချိန်ကုန်နေတာ'

မောင်ထွေး၏ အမေက ဝင်ပြောလိုက်၏။

အစ်ကိုနှစ်ယောက်နှင့် အဖေတို့ မှာ ကြံခုတ်သွားနေကြသဖြင့် ကြံတဲ

၌ မရှိချေ။

'ကောင်းတာပေါ့ ယောင်းမရယ်၊ ဟင်းစားရတာပေါ့'

'ဖွီ…ဒီဘုန်းကြီးကျောင်းသားကလား…ဟင်းရှာလို့ ရတတ်မှာ ၊ ဝေး ပါသေးသတော့'

သူ့အမေ ပြောသည် မှာ အလွန်မှန်ပေသည် ။

မောင်ထွေးသည် နေ့စဉ်လိုလို ချောင်းနားကိုသွား၍ ငါးမျှား၏။ သို့ သော် မောင်ထွေးမျှားသော ငါးမျှားချိတ်တွင် ငါးကို မဆိုထားနှင့် ပုစွန် ဆိတ်တစ်ကောင်ပင် မျှားစာတပ်ရန် ယောင်ယောင်မှားမှား မချိတ်မိပေ။ တောကိုတက်၍ တောကြက်ငှက် ကိုင်းတွေ ထောင်သေး၏။ မောင်ထွေး ၏ ကိုင်းတွင် အဘယ်မည်သော ကြက်ငှက်တစ်ကောင်တလေမှ မမိချေ။ ဤသည် တို့ ကြောင့်လည်း သူ့အမေက အညိုတို့ သားအမိရှေ့၌ မောင် ထွေးအကြောင်း ဂုဏ်တင်၍ ပြောခြင်း ဖြစ်ပေသည် ။

'နို့…လည်ပင်းမှာ ဘာတွေဆွဲထားတာလဲ မောင်ထွေးရယ်၊ ကြံတော င့်တွေ မဟုတ်လား'

အညိုတို့ အမေ၏ အမေးကို မဖြေဘဲ မောင်ထွေး ရှက်ရှက်နှင့် ပြုံး နေလိုက်သည် ။

'အဲဒါပြောရဦးမယ် မလေးရယ်၊ ဟိုတုန်းက ထွေးထွေးက ခုထွေး ထွေး မဟုတ်တော့ဘူး၊ ခု သူ့ကိုယ်သူ အင်္ဂုလိမာလတဲ့ လေ။ လည်ပင်းမှာ ဆွဲထားတဲ့ ကြံတောင့်ပုတီးတွေက လက်ညှိုးတွေပါတဲ့ ရှင် ။ နောက် လူလက်ညှိုးတွေကို ဖြတ်ဦးမယ်ဆိုသားပဲ၊ ကျွန်မတို့ က သူနဲ့ နေရတာ နေ့တထိတ်ထိတ် ညတထိတ်ထိတ်ပဲ၊ သူက အင်္ဂုလိမာလဆို တော့ အမေ့လက်ညှိုးကိုလည်း ဖြတ်ချင် ဖြတ်မယ် မဟုတ်လား။ အညို

နင်သူ့ကို ဟိုတုန်းကလို ရောရောနှောနှော မပေါင်းနဲ့ ကြားလား။ ဒီအရှုံးက ကြောက်နေရတယ်ကွဲ့’

မောင်ထွေး၏ အမေစကားကြောင့် အညိုတို့ သားအမိမှာ ရယ်မောနေမိကြသည် ။

မောင်ထွေးတွင် စိတ်ကူးယဉ်တတ်သော အတွေးတစ်မျိုးရှိသည် ။ သူကျောင်းနေစဉ်က ဘုန်းတော်ကြီးသည် ဇာတ်ကြီးဆယ်ဘွဲ့ သင်ပေး၏။ ထိုအခါ မောင်ထွေးမှာ ဇာတ်တော်ထဲက မဟော်သဓာ၊ သုဝဏ္ဏသာမ၊ တေမိမင်း စသည် တို့ လုပ်ပြီး ရှုးနေတတ်သည် ။ ယခုလည်း သူ့ဘုန်းကြီးက ပေးထားခဲ့သော အင်္ဂုလိမာလဇာတ်တော် စာအုပ်ကိုဖတ်ပြီး အင်္ဂုလိမာလ ရှုး ရှုးနေလေသည် ။

‘ထွန်းထွန်းနဲ့ သူ့အဖေက မြှောက်ပေးလွန်းလို့ ဒီကလေး ရှုးထက်မက ရှုးလာတာ မလေးရယ်၊ သူ လက်ညှိုးလုပ်ပြီး ဖျက်ဆီးပစ်တဲ့ ကြံချောင်းတွေဟာ တစ်နေ့တစ်နေ့ နည်းတယ်မှတ်သလား။ စောစောနဲ့ နေ့စဉ်ရန်ဖြစ်ကြတယ်။ စောစောကပြောတော့ သူ့အဖေက လုပ်ပါစေတဲ့ လေ။ သူများ တွေမှာ တော့ သားဦးပဲ ရှုးတယ်လို့ ပြောကြတာ၊ ငါ့မှာ တော့ အထွေးဆုံး သားကျတော့မှ သွက်ချာပါဒကို လည်အောင် ရှုးတော့တာပဲ’

မောင်ထွေး၏ အမေက မောင်ထွေးရှုးကြောင်း၊ အညိုတို့ သားအမိအား ခြေဟန်လက်ဟန်နှင့် မဆုံးတမ်းပြောပြနေသည် ။ အညိုကတော့ ဘာမှ မပြောဘဲ မောင်ထွေးလည်ပင်းက ကြံတောင့်ပုတီးကိုသာ စိုက်ကြည့်၍ ပြုံးနေ၏။

‘ကဲ…ကျွန်မတို့ လည်း ပြန်ဦးမယ် ယောင်းမရယ်၊ ကြံတဲဝင်စဆိုတော့ အလုပ်တွေက များ သား၊ ထွေးထွေး လိုက်လည်မလား’

‘ဟုတ်သားပဲ ထွေးထွေးရယ်…ပျင်းနေရင် လိုက်ခဲ့ပါလား’

အညိုကလည်း လိုလိုချင်ချင်ပင် မောင်ထွေးကို ခေါ်သည် ။

'ကဲ...ကိုအင်္ဂလိမာလ လိုက်သွားလေ၊ ဟိုမှာ လုပ်စရာရှိတာတွေလ ည်း ကူကဲ့လုပ်ပေးဦး၊ ကြားလား'

သူ့အမေကပါ လိုက်သွားရန်ပြောသဖြင့် မောင်ထွေးသည် အညိုတို့ ကြံတဲသို့ လိုက်လာ၏။

ဆွေမျိုးထဲတွင် အညိုတို့ မိသားစုသည် မောင်ထွေးနှင့် အရင်းနှီး၊ အ ခင်မင်ဆုံး ဖြစ်၏။ သားယောကျ်ားလေးမရှိသော အညိုတို့ အိမ်သားများ သည် မောင်ထွေးကို သားအရင်းတမျှ ချစ်ကြ၏။ ငယ်ရွယ်စဉ် ကလေး ဘဝ မောင်ထွေး ကျောင်းနေစဉ်တုန်းကဆိုလျှင် အညိုတို့ အိမ်သည် မောင်ထွေးအတွက် စားအိမ်သောက်အိမ်ပင် ဖြစ်ခဲ့ရသည် ။ မောင်ထွေး တို့ ညီအစ်ကို သုံးယောက် ညနေ ဘုန်းကြီးကျောင်းက အိမ်သို့ ထမင်း စား ပြန်လာကြပြီ ဖြစ်သော်လည်း တစ်နေ့တလေ၌ သူ့အမေသည် လ ယ်ထဲကပင် အိမ်သို့ ပြန်မရောက်သေး။ ထမင်းဆိုသည် မှာ ကား ဝေလာ ဝေးပင်။

မိန်းကလေးကူဖော်လောင်းဖက် ဆိုသည် မှာ လည်း မောင်ထွေးတို့ အိမ်တွင် မရှိချေ။ သားတွေကလည်း လူလားမမြောက်သေးဖြစ်သဖြင့် မောင်ထွေးတို့ အမေအဖေတွေမှာ လယ်ယာလုပ်ငန်းတွင် အလွန် ကသိ ကအောင့် နိုင်လှသည် ။ မောင်ထွေးတို့ အဖေမှာ ဆေးဆရာ၊ မြန်မာသ မားတော်ကြီးဟု ရွာနီးချုပ်စပ်တစ်ဝိုက်၌ နာမည်ကြီးနေသော်လည်း သူ့ ပန်းနာကိုပင် သူပျောက်အောင် မကုနိုင်သဖြင့် လယ်ယာလုပ်ငန်းတွင် လည်း ဖိဖိစီးစီး လုပ်နိုင်သူမဟုတ်ပေ။ သူ့ပန်းနာထလာလျှင် တစ်လ ကိုးသတင်း အိပ်ရာထဲတွင် ဖုန်းဖုန်းလဲနေတတ်၏။ ထို့ကြောင့် လယ်ကို လူငှားတွေနှင့်သာ လုပ်ရသောနှစ်က များ လေသည် ။ ဆေးကလည်း

ထမင်းစားရအောင် ကုရသည် မဟုတ်။ တောရွာက ဆေးဆရာများ သည် လူနာလာခေါ်မှ ဆေးပုလင်း၊ ဆေးလွယ်အိတ်ရှာ၍ လယ်ထွန်နေရာက တက်လိုက်သွားတတ်ကြသည် မဟုတ်ပါလား။

မောင်ထွေးတို့ ညီအစ်ကိုသုံးယောက်မှာ ညနေစောင်း၍ ဘုန်းကြီးကျောင်းက အိမ်သို့ ထမင်းစား ပြန်လာကြပြီ ဖြစ်သော်လည်း အိမ်၌ သူ့အမေကိုပင် မတွေ့ရသောအခါ အစ်ကိုနှစ်ယောက်မှာ တစ်ယောက်က ထမင်းချက်၊ တစ်ယောက်က ဟင်းရွက်ခူးနှင့် ကိုယ့်ထမင်း ကိုယ် ချက်စားကြရသည် ။ တစ်ခါတစ်ခါ ထောင်းပြီးသား ဆန်ပင်မရှိ၍ ညနေစာ ထမင်းချက်စားရန် ဆန်ကိုပင် ကိုယ့်ဘာသာ ကိုယ်ထောင်းထု၍ ချက်စားကြရသည် ။ ထိုအခါမျိုးမှာ ဆိုလျှင် လူ့လောကအကြောင်းကို ဘာမှ နားမလည်သေးသော မောင်ထွေးမှာ ကျောင်းကပြန်လာလျှင် ထမင်းအဆင်သင့် မစားရသဖြင့် ထိုင်၍ ငိုတော့၏။ ပြီးတော့ ရှူးကြောင်ကြောင်ဖြစ်သော မောင်ထွေးသည် ငိုရုံနှင့် မပြီးသေး၊ အိုးခွက်ပန်းကန်တွေကို ရိုက်ခွဲတတ်သေး၏။ ဤသည် တို့ မှာ ရွှတ်နောက်တတ်သော သူ့ဦးကြီးတစ်ယောက်က သင်ပေးထားခြင်း ဖြစ်၏။

'အိမ်ပြန်လာလို့ ထမင်းအဆင်သင့်၊ ဟင်းအဆင်သင့် ကျက်နေတာမတွေ့ရင် ထမင်းထွက်ပါ။ ဟင်းထွက်ပါလို့ အော်ပြီး အိုးခွက်တွေကို ရိုက်ရတယ်ကွ၊ ထမင်းတို့ ဟင်းတို့ ဆိုတာ အိုးကဖြစ်လာတာ' ဟု သူ့ဦးကြီးက သင်ပေးထားခြင်းကြောင့် ဖြစ်သည် ။

ထိုအခါမျိုးမှာ စိတ်တိုသော မောင်စောသည် မောင်ထွေး၏ ကုပ်ပိုးအင်္ကျီစကို ကိုင်ဆွဲမ၍ ကျောကုန်းကို တအုန်းအုန်း ထုရိုက်လေတော့သည် ။ နောင်သောအခါ မောင်စောကို ကြောက်၍ အိုးခွက်ပန်းကန် မခွဲပစ်ရဲသော မောင်ထွေးသည် အညိုတို့ အိမ်သို့သာ ပြေးလေသည် ။

အညိုတို့ အိမ်မှာ ကား အညို့အစ်မဝမ်းကွဲ တစ်ယောက်က လာနေ၍ ချက်ပြုတ်ကျွေးမွေးနေသဖြင့် မောင်ထွေးသွားတိုင်း အဆင်သင့် စားသောက်ရသည် ။ ထို့ကြောင့် အညိုတို့ အိမ်သည် မောင်ထွေးအတွက် စားအိမ်သောက်အိမ် ဖြစ်ခဲ့သည် ။ အိမ်က အမေရိုက်လျှင်လည်း အညိုတို့ အိမ်မှာ သွား၍ သုံးလေးရက် စားသောက်နေတတ်သည် ။ သူ့အမေနှင့် မောင်စောတို့ က လာခေါ်လျှင် ဘယ်တော့မှ လိုက်မသွား။ အစ်ကိုကြီး မောင်ထွန်းသော် လည်းကောင်း၊ သူ့အဖေ သော်လည်းကောင်း လာခေါ်မှ မောင်ထွေးသည် မိမိအိမ်သို့ ပြန်လိုက်သွားတတ်၏။ ဆွေမျိုးထဲတွင် ထို့ကြောင့်လည်း အညိုတို့ အိမ်သားတွေကို မောင်ထွေးက ခင်မင်နေခြင်း ဖြစ်၏။

မောင်ထွေးတို့ အိမ်သားတွေနှင့် အညိုတို့ အိမ်သားတွေမှာ တစ်ဦးနှင့် တစ်ဦး အပြန်ပြန်အလှန်လှန် အကျိုးပြုနေကြသည် ။ အစ်ကို နှစ်ယောက် ကြီးပြင်းလာ၍ လယ်ထွန်၊ ထယ်ထိုးတတ်သောအခါ အညိုတို့ အိမ်သားတွေကို  အစ်ကိုနှစ်ယောက်မှာ နှစ်စဉ်နှစ်တိုင်း  ကူညီလုပ်ကိုင်ပေးကြရ၏။ အညိုတို့ အိမ်တွင် အညိုတို့ အဖေ အဘိုးကြီးကလွဲလျှင် ယောကျ်ားသနာ မရှိချေ။ လယ်ယာလုပ်ရာတွင် သူရင်းငှားတွေနှင့်သာ လုပ်ရသည် ။ ရွာသားတွေအကုန် လယ်ထွန်ပြီးသွားကြသော်လည်း သူရင်းငှားရှာမရ၍ အညိုတို့ လယ်မှာ မပြီးနိုင်ဖြစ်နေလျှင် မောင်ထွေး၏ အစ်ကိုနှစ်ယောက် ဖြစ်သော မောင်ထွန်းနှင့် မောင်စောတို့ က ကူညီလုပ်ကိုင်ပေးရသည် ။ စပါးသိမ်းသောအခါ၊ ကောက်စိုက်သောအခါမှာ လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည် ။

အညိုတို့ အိမ်သားတွေနှင့် မောင်ထွေးတို့ အိမ်သားတွေ အလှူအတန်း တစ်ခုခု၌ မျက်နှာစုံညီ ဆုံမိကြလျှင်၊ ရွာကလူတွေက 'ဒီညီအစ်ကိုတွေထဲက တစ်ယောက်ယောက်ကို အညိုတို့ အိမ်က အပိုင်ယူထားမှ ဖြ

စ်မယ်ထင်တယ်၊ နို့မို့ရင် အလုပ်အကိုင်ဖင့်နှေးတယ်’ ဟု စကားစတတ်ကြသည် ။ ထိုအခါ နှစ်ဖက်သော အိမ်သူအိမ်သားတွေက ပြုံးနေတတ်ကြသော်လည်း ရွာသားတွေ ဆိုလိုရင်း အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်ရှာသေးသော မောင်ထွေးကတော့ ‘ဒီလိုဆိုရင် ကျွန်တော်လာနေမယ် လေးလေးရယ် ကျွန်တော့်ကို ယူထားပါလားဟင်၊ စောစောနဲ့ အမေ့ကို မုန်းတယ်၊ အိမ်မှာ မနေချင်ဘူး’ ဟု အညိုတို့ အမေကို ရွာသားတွေရှေ့၌ပင် မေးနေတတ်သည် ။ ထိုအခါ ရွာသားတွေက ဝိုင်းရယ်ကြပြီး ‘မင်းက အညိုတို့ အိမ်မှာ သွားနေရအောင် လယ်ထွန် ထယ်ထိုးတတ်လို့ လား’ ဟု မေးကြပြန်သည် ။ ‘ထွန်းထွန်းတို့ ၊ စောစောတို့လို ကြီးလာရင် တတ်မှာ ပေ့ါဗျာ’ ဟု မောင်ထွေးက ပြန်ပြောသည် ။ ‘ဟဲဟဲ၊ တောင်တော်လာတဲ့ အာဂကောင်ပါလား ဟရို့ ဒီလိုဆို ဒင်းက အညိုကို ကြိုက်နေပြီပေ့ါ ဟုတ်လား၊ ဒါပေမဲ့ မရသေးဘူး မောင်၊ အညိုက မင်းအစ်ကိုတွေကိုမှ ကြိုက်တာ’ ရွာသားတစ်ယောက်က ဤသို့ ပြောလိုက်သောအခါမှ မောင်ထွေးသည် လူကြီးတွေ၏ ဆိုလိုသည့်သဘောကို နားလည်သွားလေသည် ။ အညိုရှေ့၌ မို့ အရှက်လွန်သော မောင်ထွေးမှာ လူအုပ်ကြားက ထွက်ပြေးသွားတတ်သည် ။ ဤသည် ကိုပင် နှစ်ဖက်သော အိမ်သူ အိမ်သားတွေနှင့် ရွာသားတွေမှာ သဘောကျ၍ ရယ်မောမဆုံး ဖြစ်ကြရသည် ။ ရိုးရိုးသားသားထင်၍ ဝင်ပြောမိသော မောင်ထွေးမှာ အရှက်လွန်ကာ အညိုတို့ အိမ်သို့ပင် သတင်း တစ်ပတ်နှစ်ပတ် မသွားရဲဘဲ ရှိခဲ့ရသည် ။ တစ်လလောက်ကြာသွားလျှင်တော့ မောင်ထွေးသည် အညိုတို့ အိမ်ကို ခါတိုင်းလိုပင် သွားလာဝင်ထွက်လုပ်နေပြန်သည် ။ မောင်ထွေးသည် အညိုတို့ အိမ်နှင့် ဘယ်လိုမှ ကင်းကွာ၍ မရသူဖြစ်သည် ။ ထို့ကြောင့်လည်း ယခု အညိုတို့ ကြံတဲသို့ လုပ်ကိုင်စရာရှိသည် ကို ကူညီလုပ်ကိုင်ပေးရန် လိုက်လာခြင်း ဖြစ်သည် ။

သူသည် မိမိအိမ်၌ ဘာမှ မလုပ်သော်လည်း အညိုတို့ အိမ်တွင် တော့ အညိုတို့ အမေအဖေနှင့် အညိုက ချော့မော့ခိုင်းလျှင် တောက်တိုမည်ရ လုပ်ပေးတတ်သူဖြစ်သည် ။

'ထွေးထွေးလည်း ပါလာတာကိုး'

အညိုတို့ အဖေက မောင်ထွေးပါလာသည် ကို မြင်သဖြင့် ဝမ်းသာအားရ ဆီးကြိုပြောသည် ။

'ဟုတ်ကဲ့ ဦးဦး'

'နို့ နေပါဦး...ထွေးထွေး လည်ပင်းမှာ ဆွဲထားတာက ဘာလဲကွဲ့'

ခက်များ ခက်ရချေသေး၏။ ဤပိန္နဲပင်ကိုချည်း လာလာထိနေကြသဖြင့် မောင်ထွေးမှာ အင်္ဂုလိမာလ လုပ်ချင်စိတ်ပင် တဒင်္ဂအတွင်း ပျောက်သွားမိသည် ။ မောင်ထွေးက အညိုတို့ အဖေ အမေးကို ဖြေကြားရန် ဝန်လေးနေစဉ် အညိုက ကြားဝင်၍ သူ့အဖေအား မောင်ထွေး အင်္ဂုလိမာလ လုပ်နေကြောင်း ပြောပြလိုက်၏။

'ငါ့တူက စိတ်ကူးစိတ်သန်း ဘယ်ဆိုးလို့ တုန်း၊ ဟဲဟဲ'

အညိုတို့ အဖေ အဘိုးကြီးမှာ မောင်ထွေးကို သဘောကျ၍ တဟဲဟဲ ရယ်မောနေသည် ။

အညိုတို့ ကြံတဲတွင် ရွှေ့ပြောင်းနေရာ ချထားရန်ရှိသော ဝန်စည်စလယ်များကို နေရာချထားပြီးသောအခါ အညိုတို့ အဖေက မောင်ထွေးအား ရွှေတောင်ကြားရွာသို့ ရေနံ့ဝယ်ရန် လွှတ်ပြန်သည် ။ အညိုတို့ အိမ်သားတွေမှာ ယနေ့မှ ကြံတဲသို့ ဝင်လာကြသူတွေ ဖြစ်သဖြင့် ရေနံပုလင်းပင် မပါလာချေ။ မောင်ထွေးတို့ အိမ်က ရေနံပုလင်း တစ်လုံးယူ၍ ခဏသွားဝယ်လိုက်ပါဟု အညိုတို့ အဖေက ဆိုသည် ။

အညိုတို့ အဖေ ခိုင်းစေချက်အရ နေထိပ်တင် ကျွဲဖြူကိုစီးကာ ရွှေတောင်ကြားသို့ ရေနံဝယ်လာရသော မောင်ထွေး၏ စိတ်မှာ အတိုင်းမသိ မြူးကြွလာသည် ။ သူတစ်နေ့က တွေ့ခဲ့ရသော မျက်နှာဖြူမလေးကိုလည်း တွေ့ရဦးမည်ဟု အတွေးနှင့် ပျော်လာသည် ။

ရေနံသွားဝယ်ရင်း တစ်နေ့ကတွေ့ခဲ့ရသော မျက်နှာဖြူမလေးကို သူက ကလေးချစ် ချစ်နေမိသည် ။ ဤမျက်နှာဖြူမလေးလို ချစ်စရာကောင်းသော အဖြူမလေးမျိုးသည် သူတို့ ဆီတွင် တစ်ယောက်မှ မရှိပေ။ မျက်နှာဖြူမလေးက သူ့အားပြုံးပြပြီး လက်မြှောက်ပြနေသည် ကို မောင်ထွေးမှာ ယခုထိ မြင်ယောင်မိနေသေး၏။ ခဏလေးသာ တွေ့ခဲ့ရသော မျက်နှာဖြူမလေး၏ ရုပ်သွင်သည် သူ့မျက်စိထဲက မကွယ်မပျောက်သေး။ မျက်နှာဖြူမလေးအား သူတွေ့ခဲ့ရသောနေ့ကို တွက်ရေသော် တစ်ပတ်ကျော်ပြီ ဖြစ်သော်လည်း သူ့စိတ်ထဲမှာ မနေ့တစ်နေ့ကမှ တွေ့ခဲ့ရသလို စွဲထင်နေမိသည် ။ မျက်နှာဖြူမလေးကို သူ စတွေ့ခဲ့ရသောညက မျက်နှာဖြူမလေးကိုသာ တစ်ညလုံး အိပ်မက် မြင်ခဲ့ရသည် ။ အပြင်မှာ တွေ့ခဲ့ရသည် ထက် အိပ်မက်ထဲက ပို၍ လှနေသည် ။ ပိုပြီး ချစ်စရာကောင်းသည် ။ သူ့အစ်ကို မောင်စောက ခြေထောက်နှင့် ကန်နှိုးသဖြင့် အိပ်ရာမှ လန့်နိုးလာသောအခါ သူ့မှာ မျက်နှာဖြူမလေးကို လွမ်းခဲ့ရသေးသည် ။

ယခု မျက်နှာဖြူမလေးကို တွေ့ရတော့မည်ဟူသော အသိစိတ်ကြောင့် မောင်ထွေးမှာ ပျော်ရွှင်လာသည် ။ သို့သော် လူမျိုးချင်းမတူသော မျက်နှာဖြူမလေးနှင့် တွေ့ရမှာ မဝံ့မရဲသလိုလည်း ဖြစ်နေမိသည် ။ ထို့ကြောင့် အိမ်ကြီးနားသို့ ကျွဲစီးပြီး တက်လာနေသော မောင်ထွေး၏ ရင်မှာ တဒိတ်ဒိတ်ခုန်ကာ လှိုက်ဖိုလာသည် ။

မျက်နှာဖြူမလေးတို့ ရှိရာ ဘိုအိမ်ကြီးနားသို့ ရောက်ပြီဖြစ်သော်လည်း မောင်ထွေးသည် ချက်ချင်း ကွဲပေါ်က မဆင်းသေးဘဲ မျက်နှာဖြူမလေးကိုသာ ရှာကြည့်နေမိသည် ။ ရေနံလာဝယ်နေကြသော တိုင်းရင်းသူ တိုင်းရင်းသားများကိုသာ အိမ်ကြီး၏ ပတ်ဝန်းကျင်မှာ ရှုပ်ယှက်ခတ်တွေ့ရပြီး မျက်နှာဖြူမလေး၏ အရိပ်အခြည်ကိုကား လုံးဝမမြင်ရသောအခါ မောင်ထွေးမှာ ဝမ်းနည်းမိပြန်သည် ။ သူ မျှော်လင့်လာမိသော မျက်နှာဖြူမလေးကို မတွေ့ရသဖြင့် စိတ်ကလည်း ညစ်သွားမိသည် ။

ထို့ကြောင့် မောင်ထွေးသည် နေထိပ်တင်ကို ပင်လယ်ကဗွီးပင် တစ်ပင်တွင် ချည်ထားခဲ့ကာ ရေနံဆီရောင်းသော ဆိုင်ထဲဘက်သို့ လျှောက်လာ၏။ ရေနံဆီရောင်းသောဆိုင်ထဲတွင် မျက်နှာဖြူမလေးကို တွေ့ရပါစေဟု လည်း ဆုတောင်းလာ၏။ အရင်တစ်ခေါက် ရောက်ဖူးထားပြီး ဖြစ်သဖြင့် ရေနံဝယ်ရသည် မှာ တော့ ဘာမျှ အခက်အခဲမရှိပေ။ ကုလားမလေးတို့ မျက်နှာဖြူမကြီးတို့ ကလည်း သူ့အား မလှောင်မပြောင်ကြတော့၊ ရိုးသွားပြီနှင့်တူသည် ။ သို့သော် သူထင်သလို မျက်နှာဖြူမလေးကို ဆိုင်ထဲတွင် မတွေ့ရသဖြင့် မောင်ထွေး၏ ရင်မှာ ဟာနေသည် ။

မောင်ထွေး ရေနံဝယ်ပြီး၍ ပြန်ထွက်လာသောအခါ မောင်ထွေးမှာ ရုတ်တရက် ခြေလှမ်းတုံ့ခနဲ ရပ်သွားမိသည် ။ နာဒီယာသည် မောင်ထွေးစီးလာသော နေထိပ်တင်အနီးသို့ ဘယ်တုန်းကပင် ရောက်နှင့်နေသည် မသိ။ သူမသည် လက်ကိုနောက်ပစ်၍ နေထိပ်တင်ကို သေသေချာချာ လှည့်ပတ်ကြည့်ရှုနေသည် ကို ခပ်လှမ်းလှမ်းကပင် မောင်ထွေးမြင်ရသည် ။ နောက်ပစ်ထားသော သူ့လက်တွင် သစ်ခက်စိမ်းတစ်ခက်လည်း ကိုင်ထားသည် ။ သူ့လက်က သစ်ခက်စိမ်းကို နေထိပ်တင်၏ ပါးစပ်နားသို့ ထိုးပေး၍ လည်း ကျွေးနေပြန်သည် ။ သို့သော် နေထိပ်တင်က ထိုသစ်ခက်၌ ပါသော သစ်ရွက်တွေကို မစားပေ။ နမ်းကြည့်ရုံ

နမ်းကြည့်ပြီး တစ်ဖက်သို့ လှည့်သွားသည် ။ နာဒီယာမှာ နေထိပ်တင်ကို သာ ဂရုစိုက်ကြည့်နေသဖြင့် နောက်မှ ရောက်လာသော မောင်ထွေးကို မြင်ပုံမရ၊ မောင်ထွေးမှာ ရှေ့သို့ တိုးမသွားရဲဘဲ နာဒီယာ၏ နောက်ကျောကိုသာ အတန်ကြာစိုက်ကြည့်နေမိသည် ။ နာဒီယာက တော့ နောက်ခိုင်းနေသဖြင့် မောင်ထွေးကို လုံးဝ မမြင်ပေ။

နေကလည်း ဝင်တော့မည်။ ဘုတ်ငှက်တွေပင် အိပ်တန်းတက်ရန် အော်မြည်နေကြပြီ ဖြစ်သည် ။ နာဒီယာတို့ ရွှံ့နေသဖြင့် ဤနေရာတွင် မတ်တတ်ရပ်နေ၍ လည်း အချိန်မရှိတော့ပြီ ဖြစ်သော မောင်ထွေးသည် အရဲစွန့်ပြီး ရှက်ရှက်ရွံ့ရွံ့နှင့် နာဒီယာအနားသို့ လျှောက်သွားသည် ။

လူခြေသံကြားသော နာဒီယာသည် နောက်သို့ ဆတ်ခနဲ သမင်လည်ပြန်ကြည့်လိုက်၏။ မောင်ထွေးကို မြင်ရသောအခါ သူမက ဖော်ရွေစွာ ပြုံးသည် ။ နာဒီယာ၏ အပြုံးကြောင့် ရှက်ရွံ့လာသော မောင် ထွေး၏ စိတ်မှာ ရှက်ခြင်း သက်သာရာရသွားသည် ။ နေထိပ်တင်အ နားသို့ ရောက်သွားသောအခါ ချည်ထားသော ကြိုးကိုဖြုတ်၍ နေထိပ် တင်၏ ကျောပေါ်သို့ ခုန်တက်ရန် မောင်ထွေးက ခြေလှမ်းပြင်လိုက်၏။ နာဒီယာကို ရှက်ရွံ့နေသဖြင့် ရေနံပုလင်း နှစ်လုံးကိုလည်း ဟိုနေ့ကလိုပ င် လက်တစ်ဖက်၌ ဆွဲကိုင်ထားမိသည် ။

'ဟော့…ဒီအကောင်ကို ဘာကောင်ခေါ်လဲဟင်'

နာဒီယာက သူ အမည်မသိသော နေထိပ်တင်ကျွဲကို လက်ညှိုး ထိုးပြ ၍ အသံဝဲဝဲနှင့် မေးလိုက်၏။

'ကျွဲ'

မောင်ထွေးမှာ သူမကို ရှက်ရွံ့နေသဖြင့် ဤတစ်ခွန်းသာ ဆိုသည် ။

'ကျွေးတဲ့ လား၊ လိမ္မာလိုက်တာနော်၊ နင်စီးတော့ သူက မဟေ့ဘူး လား၊ ချိုကြီးကလည်း ကြောက်စရာကြီးဟယ်'

မောင်ထွေးက စကားရှည်နေမည်စိုး၍ တစ်ခွန်းတည်းပြောမိခါမှ နာဒီယာက စကားရှည်နေပြန်၏။ 'ကျွဲ' ကို 'ကျွေးတဲ့ လား' ဟု ခပ်ဝဲဝဲ ပြောလိုက်သော အသံမှာ နားထောင်၍ ကောင်းသလိုလိုတော့ မောင်ထွေးစိတ်က ထင်မိသည် ။ နာဒီယာသည် ခေါင်းခါခါ လည်ခါခါနှင့် မောင်ထွေး၏ အနားသို့ စကားတပြောပြောနှင့် လျှောက်လာနေပြန်သည် ။ ပင်လယ်ပြာလို လှပ၍ မိုးကောင်ကင်လို ကြည်လင်တောက်ပနေသော သူမ၏ မျက်လုံးပြာအစုံကို ပုတ်ခတ်ပုတ်ခတ် လုပ်၍ လည်း မောင်ထွေး၏ မျက်နှာကို စိုက်ကြည့်နေပြန်၏။ အသိဖွဲ့လိုဟန်ရှိသော အပြုံးတွေက သူမ၏ ဝင်းပသော မျက်နှာပေါ်တွင် အလွန်ပေါ်လွင်နေသည် ။ သူမ၏ အပြုံးသည် ပကတိ အေးမြနေဘိ၏။

'ဘယ်ဟေ့မလဲ၊ သူက အရှင်ကို သိပ်သိတာ၊ လိမ္မာတယ်'

နာဒီယာ၏ အမေးကို မပြောမဖြစ်သဖြင့် မောင်ထွေးက ပြောလိုက်၏။

'ဩော် ဟုတ်လား၊ သိပ်ချစ်စရာကောင်းတာပဲနော်...နာဒီယာလည်း ဒီလို ကျွဲဖြူကြီးတစ်ကောင် လိုချင်လိုက်တာဟယ်၊ ဘယ်မှာ ဝယ်ရင်ရမလဲဟင်...၊ ဘယ်လောက်ပေးရမှာ လဲ'

နာဒီယာက မောင်ထွေးကိုတစ်လှည့် ကျွဲဖြူကြီးကိုတစ်လှည့် ကြည့်၍ မေးနေပြန်၏။

'ဘယ်မှာ မှ ဝယ်လို့ မရဘူး'

ဤလို ကျွဲဖြူမျိုးကို ဘယ်မှာ မှ ဝယ်မရဆိုသဖြင့် နာဒီယာက မောင်

ထွေးကို ပို၍ အထင်ကြီးသွားပြန်သည် ။

မတွေ့ရခင်က တွေ့ချင် မြင်ချင်လွန်းလှသော်လည်း ယခု တကယ်တွေ့ရပြီဆိုတော့လည်း မောင်ထွေးသည် နာဒီယာအား ရှက်ရွံ့နေပြန်သည် ။ နာဒီယာနှင့် စကားရှည်ရှည် ဝေးဝေး ပြောနေရမှာ ကို ရွံ့နေမိသော မောင်ထွေးသည် နေထိပ်တင်ကို အပြင်းစီးကာ နာဒီယာတို့ ၏ ခြံဝင်းကြီးထဲက ပြေးထွက်လာမိပြန်၏။

နာဒီယာသည် သူ့အား အဖက်မလုပ်ချင်သလို ရှူးရှူးဒိုင်းဒိုင်းနှင့် ကျွဲဖြူကြီး စီး၍ အိမ်ဝင်းထဲက ထွက်ပြေးသွားသော လူထူးလူဆန်းကလေး မောင်ထွေးကို မချင့်မရဲ ငေးကြည့်၍ ကျန်ရစ်ရှာသည် ။

***